# နှစ်တိုငွေပင်ငွေရင်းအသက်အာမခံ

လူကြီးမင်းတို့၏ ဘဝသက်တမ်းတစ်လျှောက်လုံး မမျှော်လင့်ထားသော ဖြစ်ရပ်များကြုံတွေ့ရပါက ငွေကြေးအားဖြင့် အထောက်အပံ့ပေးမည့် အသက်အာမခံအမျိုးအစား ဖြစ်ပါသည်။

**အာမခံထားနိုင်ခွင့်ရှိသူ** - အသက် (၁၀) နှစ်မှ (၆၀) နှစ်အတွင်းရှိသူများ

**အာမခံထားငွေ** - အနည်းဆုံး ကျပ် (၁၀) သိန်းမှ အများဆုံးကျပ်သိန်း (၅၀၀)။

**အာမခံသက်တမ်း** - (၅) နှစ်၊ (၇) နှစ်၊ (၁၀) နှစ်။

(အသက် ၅၆ နှစ် မှ ၅၈ နှစ် ထိရှိသူများမှာ အာမခံသက်တမ်း (၇) နှစ်ထိသော်လည်းကောင်း၊ ၅၉ နှစ် မှ ၆၀ နှစ် ထိရှိသူများမှာ အာမခံသက်တမ်း (၅) နှစ်ထိလည်းကောင်း ရွေးချယ်ထားနိုင်ပါသည်။

**ပရီမီယံနှုန်း**
- အာမခံထားသူ၏အသက်၊ အလုပ်အကိုင်၊ အာမခံထားငွေ နှင့် အာမခံသက်တမ်းစသည့်တို့ပေါ် မူတည်၍ တွက်ချက်ပေးဆောင်ရပါမည်။
- ပရီမီယံကို ၁ လ၊ ၃ လ၊ ၆ လ၊ ၁ နှစ် စသည်ဖြင့် အရစ်ကျပေးသွင်းနိုင်ပါသည်။
- အာမခံထားငွေအရသော်လည်းကောင်း၊ အသက်အရသော်လည်းကောင်း လိုအပ်ပါက ဆေးစစ်ရပါမည်။

**နှစ်တိုငွေပင်ငွေရင်းအသက်အာမခံထားခြင်းဖြင့်ရရှိနိုင်သောအကျိုးခံစားခွင့်များမှာ**

**(၁) နှစ်စေ့အကျိုးခံစားခွင့်**

အာမခံထားသူတစ်ဦးသည် ပေါ်လစီတွင်ဖော်ပြထားသည့် သက်တမ်းစေ့ရောက်သည့်နေ့တွင် အာမခံထားငွေကို တစ်လုံးတည်း ထုတ်ယူနိုင်ပါသည်။

**(၂) သေဆုံးမှုအကျိုးခံစားခွင့်**

အာမခံသက်တမ်းအတွင်း အာမခံထားသူသေဆုံးပါက အာမခံထားငွေကို အကျိုးခံစားခွင့်ရှိသူအား ထုတ်ပေးပါမည်။

**(၃) ထာဝစဉ်မသန်စွမ်း အကျိုးခံစားခွင့်**

အာမခံသက်တမ်းအတွင်းအာမခံထားသူသည်မတော်တဆဖြစ်ရပ်ကြောင့်(သို့)ရောဂါတစ်ခုခုကြောင့်လုံးဝအလုပ်မလုပ်ကိုင်နိုင်သည်အထိ ထာဝစဉ်မသန်စွမ်းဖြစ်လျှင် အာမခံထားငွေကို တစ်လုံးတည်းထုတ်ပေးပါသည်။

**(၄) ပေါ်လစီစာရင်းပိတ် အကျိုးခံစားခွင့်**

အာမခံထားသူတစ်ဦးအနေဖြင့် အတည်ဖြစ်ပြီးသော ပေါ်လစီတစ်စောင်ကို ပရီမီယံ ဆက်လက်မပေးသွင်းနိုင်လျှင် စာရင်းပိတ်နိုင်ပြီး ပေါ်လစီတွင် ဖော်ပြထားသည့် သက်တမ်းစေ့ ရောက်သည့်နေ့တွင် စာရင်းပိတ်တန်ဖိုးကို အာမခံထားသူသို့ ထုတ်ပေးပါသည်။

**(၅) အမ်းငွေထုတ်ပေးခြင်း**

အာမခံထားသူသည် အတည်ဖြစ်ပြီးသော ပေါ်လစီတစ်စောင်ကိုဖျက်သိမ်း၍ အမ်းငွေထုတ်ယူရန် အကြောင်းကြားလာလျှင် အမ်းငွေဇယားပါနှုန်းအတိုင်း ရခွင့်ရှိသည့်အမ်းငွေကို အာမခံထားသူသို့ ထုတ်ပေးပါသည်။

**(၆) ချေးငွေထုတ်ယူပေးခြင်း**

အာမခံထားသူတစ်ဦးအနေဖြင့် အတည်ဖြစ်ပြီးသော ပေါ်လစီတစ်စောင်မှ ချေးငွေရယူနိုင်သည့် အကျိုးခံစားခွင့်ရှိပါသည်။

**အကျိုးခံစားခွင့်မရရှိနိုင်သည့်ကိစ္စများ**

၁။ သေဆုံးမှုအကျိုးခံစားခွင့်ကို အောက်ဖော်ပြပါအကြောင်းကိစ္စများအတွက် မရရှိနိုင်ပါ။

: customerservices@fnilife.com, marketing@fnilife.com : www.fnilife.com
: Building A/9, Than Thu Mar Road, (24) Quarter, Thingangyun Township, Yangon, Myanmar.11071
: Hot Line// 09-269843974, 01-570521,01-570998, Fax : 570298

လျော်ကြေးကိစ္စတစ်စုံတစ်ရာ ပေါ်ပေါက်ပါက FNI Life သို့ ချက်ချင်းအကြောင်းကြားရမည်။

(က) အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း မိမိကိုယ်ကို သတ်သေခြင်း။

(ခ) အာမခံဂယ်ယူစဉ်က ဖော်ပြရန် ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့်ဖြစ်သည့်သေဆုံးခြင်း။

၂။ ထာဝစဉ်မသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့်ကို အောက်ဖော်ပြပါကိစ္စရပ်များအတွက် မရရှိနိုင်ပါ။

(က) မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(ခ) ဘေးအန္တရာယ်ဖြစ်စေတတ်သောဆေးကို မှီဝဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(ဂ) ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို အနာတရဖြစ်အောင်လုပ်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(ဃ) မိမိကိုယ်ကို သတ်သေခြင်းကြောင့်မသေဘဲ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(င) ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(စ) အာမခံဂယ်ယူစဉ်ကဖော်ပြရန် ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

**အာမခံထားရှိလိုပါက**

FNI (Life) ရုံးချုပ် နှင့် ရုံးခွဲများသို့လည်းကောင်း ၊ FNI (Life) နှင့် ဆက်သွယ်ဆောင်ရွက်လျှက်ရှိသော အာမခံကိုယ်စားလှယ်များ သို့လည်းကောင်း ဆက်သွယ်၍အာမခံထားရှိနိုင်ပါသည်။